# ကျမ်းစာအသင်းဖြစ်ပေါ်လာပုံ (အကျဉ်း)

၁၇၁၀ ခုနှစ်တွင်ဂျာမဏီနိုင်ငံရှိ အခြေခံလူတန်းစားဆင်းရဲနွမ်းပါးသူများအားတန်ဖိုးစိုက်၍ဈေးနှုန်း သက်သာစွာဖြင့် သမ္မာကျမ်းစာများပေးဝေနိုင်ရန် ကျမ်းစာအသင်းဖွဲ့စည်းခြင်းကို အခြေခံ၍ ကျမ်းစာ အသင်းဖွဲ့စည်းရန်လိုအပ်ကြောင်း သဘောထားခံယူချက် အစတည်လာခဲ့သည်။

၁၈၀၄ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်သော **ဗြိတိသျှနှင့်နိုင်ငံရပ်ခြား ကျမ်းစာအသင်း** (British and Foreign Bible Society) သည် ပထမဦးဆုံးသော ကျမ်းစာအသင်းဖြစ်သည်။ ပထမကျမ်းစာ အသင်းဖြစ်ပေါ်လာပုံသမိုင်းအစသည် သမ္မာကျမ်းစာလက်ဝယ်ပိုင်ဆိုင်လိုသောသမီးငယ် မေရီဂျုံး(စ်) (Mary Jones)၏အနစ်နာခံကြိုးစားစွန့်စားမှုမှအစပြုသည်ဟုမှတ်တမ်းတင်ထားပါသည်။

ဗြိတိသျှနှင့်နိုင်ငံရပ်ခြား ကျမ်းစာအသင်း (British and Foreign Bible Society) **စတင်တည်ထောင်ပြီး** မကြာခင်နှစ်များအတွင်း နိုင်ငံအသီးသီးရှိယုံကြည်သူများက ကျမ်းစာအသင်းဖွဲ့စည်းကာသမ္မာကျမ်းစာ အမှုတော်လုပ်ငန်းတိုးချဲ့လုပ်ကိုင်လာကြသည်။ ၁၉၄၆ ခုနှစ်တွင်နိုင်ငံပေါင်း (၁၃) နိုင်ငံမှကိုယ်စား လှယ်များသည်အင်္ဂလန်နိုင်ငံ Haywards မြို့၌တွေ့ဆုံပြီး၊ **ကမ္ဘာ့ကျမ်းစာ အသင်းများအဖွဲ့** (United Bible Societies) ကိုဖွဲ့စည်းခဲ့သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း (၂၀၀) ကျော်အတွက် ကျမ်းစာအသင်းပေါင်း (၁၄၈) သင်းတို့သည် ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့တွင် ပါဝင်လက်တွဲ လုပ်ဆောင်နေကြသည်။ ကမ္ဘာ့ကျမ်းစာအသင်းများ အဖွဲ့သည်ကမ္ဘာကြီးကိုအမေရိက၊ အာဖရိက၊ အာရှပစိဖိတ် နှင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဟု ဒေသကြီး (၄)ပိုင်းခွဲရာ **မြန်မာနိုင်ငံကျမ်းစာအသင်း သည် အာရှပစိဖိတ်ဒေသတွင် တစ်ခု အပါအဝင် ဖြစ်သည်။**

မြန်မာနိုင်ငံတွင် သမ္မာကျမ်းစာအမှုတော်လုပ်ငန်းကို (British and Foreign Bible Societies) မှ ဦးဆောင်၍ ၁၈၈၉ ခုနှစ်တွင်အစပြုကာနိုင်ငံခြားသားသာသနာပြုဆရာများဦးဆောင်ခဲ့ရာမှ ၁၉၆၄ ခုနှစ်မှစ၍ **မြန်မာနိုင်ငံကျမ်းစာအသင်း** ဟုဖွဲ့စည်းကာ ၁၉၆၉ ခုနှစ်မှစ၍ ကမ္ဘာ့ကျမ်းစာအသင်း များအဖွဲ့ (United Bible Societies) တွင်တင်းပြည့်အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။